**စစ်ကောင်စီ၏ ဂျက်တိုက်လေယာဉ်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အသက်ဆုံးရှုံးခဲ့ရသော အပြစ်မဲ့ပြည်သူလူထုများ၊ အနုပညာရှင်များနှင့် KIO/KIA စစ်ဖက်၊ အရပ်ဖက် ဝန်ထမ်းများအတွက် ဝမ်းနည်းကြောင်းသဝဏ်လွှာ**

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၂၄) ရက်

စစ်ကောင်စီသည် သူတို့၏ စစ်ရေး၊ နိုင်ငံရေး အခြေအနေမှာ လက်ရှိအချိန်၌ ပိုမိုဆိုးဝါးလာသည်နှင့်အမျှ စိတ်ဓာတ်ကျဆင်းပြီး စိတ်ကစဥ့်ကလျားဖြစ်ကာ လက်နက်အားကိုးဖြင့် အပြစ်မဲ့ပြည်သူလူထုအား ဦးတည်တိုက်ခိုက်လာခြင်းကို မြန်မာပြည်အနှံ့ နေ့စဥ်ရက်ဆက်ပြုလုပ်လျက်ရှိသည်။ စစ်သားမပီသဘဲ သူရဲဘောကြောင်စွာ ဂျက်တိုက်လေယာဉ်များဖြင့် ညအချိန်များတွင် အလစ်အငိုက်တိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ်တိုက်ခိုက်ခြင်းများကို အဓိကထားပြုလုပ်နေပြီး စစ်ရာဇဝတ်မှုကျူးလွန်ခြင်းနှင့် လူသားမျိုးနွယ်အပေါ် ပြစ်မှုကျူးလွန်ခြင်းများအား အထင်အရှားတွေ့မြင်နေရပါသည်။

ဤကဲ့သို့သော စစ်ကောင်စီ၏လုပ်ရပ်များမှာ တစ်ရက်ထက်တစ်ရက် ပိုပြီးဆိုးဝါးလာနေသောကြောင့် မြန်မာပြည်သူတစ်ရပ်လုံးအနေဖြင့် အထူးသတိထားစောင့်ကြည့်ရန်လိုအပ်သကဲ့သို့ နိုင်ငံတကာကလည်း အထူးသတိထားစောင့်ကြည့်ပြီး အရေးယူဆောင်ရွက်သင့်သည်များကို အမြန်ဆုံးအရေးယူဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့အတူ တိုင်းရင်းသားလူမျိုးလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအနေဖြင့်လည်း အကြမ်းဖက်စစ်ကောင်စီ၏ မီးစတစ်ဖက် ရေမှုတ်တစ်ဖက် လှည့်ကွက်များကြားတွင် သွေးအေးမနေဘဲ အထူးသတိထားရမည့်အချိန်ဖြစ်သည်နှင့်အညီ စည်းလုံးညီညွတ်စွာဖြင့် လုပ်သင့်လုပ်ထိုက်သည့်အလုပ်ကို ပြတ်ပြတ်သားသား တက်လှမ်းလုပ်ဆောင်ရမည့် အချိန်ကာလလည်းဖြစ်ပါသည်။

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၂၃) ရက်နေ့၊ ညနေ (၈) နာရီ (၄၀) မိနစ်ဝန်းကျင်အချိန်၌ ကချင်ပြည်၊ ဖားကန့်မြို့နယ်၊ အနန့်ပါတွင် စစ်ကောင်စီ၏ ဂျက်တိုက်လေယာဉ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သောကြောင့် KIO နေ့ အထိမ်းအမှတ်ပြုလုပ်နေကြသော အပြစ်မဲ့အရပ်သားပြည်သူလူထုများ၊ အနုပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များအပါအဝင် မိမိတို့၏ မဟာမိတ် KIO/KIA မှ စစ်ဖက်၊ အရပ်ဖက်ဝန်ထမ်းအချို့ အသက်ဆုံးရှုံးရမှုအပေါ် မိမိတို့ ညီနောင်မဟာမိတ် (၃) ဖွဲ့အနေဖြင့် များစွာဝမ်းနည်းကြေကွဲရပါသည်။ စစ်ကောင်စီ၏ အပြစ်မဲ့ပြည်သူလူထုအပေါ် ကျူးလွန်ထားသော စစ်ရာဇဝတ်မှုများအတွက် ထိုက်သင့်သောပြစ်ဒဏ်ပေးရေးနှင့် ကျူးလွန်ခံရသူများဖက်မှ တရားမျှတမှုကိုရရှိရန် မျှော်လင့်ပါကြောင်း ဖော်ပြရင်း မိမိတို့ ညီနောင်မဟာမိတ် (၃) ဖွဲ့မှ ဤဝမ်းနည်းကြောင်း သဝဏ်လွှာအား ပေးပို့အပ်ပါသည်။

**ညီနောင်မဟာမိတ် (၃) ဖွဲ့**

MNTJP/MNDAA
မြန်မာနိုင်ငံအမှန်တရားနှင့်တရားမျှတသော
အမျိုးသားပါတီ/မြန်မာအမျိုးသားဒီမိုကရက်တစ်
မဟာမိတ်တပ်မတော်

PSLF/TNLA
ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး/
တအာင်းအမျိုးသားလွတ်မြောက်ရေး
တပ်မတော်

ULA/AA
ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/
ရက္ခိုင့်တပ်တော်